# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၇)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁–၈–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ခိုဆိုင်းကျေးရွာ၊ နားသဲကျေးရွာ၊ ရွာသစ်ကျေးရွာ ကျောက်ချောလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒ၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်များကို ဖော်ဆောင်ရာတွင် ယခုလက်ရှိဆောင်ရွက်ပြီး အခြေအနေများကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ပြည်သူဗဟိုပြု ချဉ်းကပ်မှုနည်းလမ်း၊**

**လူထုကိုယ်တိုင်ဦးဆောင်ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများဖြင့် လက်တွေ့ကျကျဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ ငါန်းဇွန် မဲဆန္ဒနယ်၏ **ဒေသခံမဟုတ်သည့် စိုက်ပျိုးရေး လုပ်ကိုင်သူများက ဒေသခံတောင်သူများထံမှ မြေယာငှားရမ်း ဆောင်ရွက်နေမှုများသည် လမ်းပျက်စီးမှုများ၊ မြေဆီလွှာပျက်စီးမှုများ၊ မြို့နယ်အလိုက်အခွန်အခ ရရှိမှုများအတွက် ဥပဒေပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၏ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အောက်ရှိ ဂွ ချောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်သို့ လွှဲပြောင်း၍ ဖြစ်၊ မဖြစ် သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်ရှိ လျှပ်စစ်မီး မရရှိသေးသော အိမ်ထောင်စုများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်ရှိ မင်းချင်းဆည် တမံအား နိုင်ငံတော်ဘဏ္ဍာငွေမှ တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတစ်ဝန်းရှိ ကျေးလက် ဒေသတွင် လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီ ဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့် ပတ်သက်သော ကိစ္စရပ် များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်သို့ ပြန်လည်**

**ထားရှိရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း–

(က) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

(ဃ) ဦးအောင်ထူးမြင့်၊ အောင်လံ မဲဆန္ဒနယ်၊

(င) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(စ) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်၊

(ဇ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၊

(ဈ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ည) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဋ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ဌ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၊

(ဍ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(ဎ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

(ဏ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(တ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

(ထ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(ဒ) ဒေါက်တာဦးဝင်းအောင်၊ ခင်ဦး မဲဆန္ဒနယ်၊

(ဓ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် **“မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။